# ဖေဖော်ဝါရီလ ၂၀၁၈ ခုနှစ်၊ တစ်လအတွင်းသုံးသပ်ချက်

## လက်ရှိအခြေအနေအကျဉ်းချုပ်

၂၀၁၈ ခုနှစ်၊ ၆ ဖေဖော်ဝါရီလကုန်တွင် မြန်မာနိုင်ငံအတွင်း၌ နိုင်ငံရေးလှုပ်ရှားမှုများကြောင့် ဖမ်းဆီး၊ ထိန်းသိမ်းခံထားရသူ ၂၄၀ ဦးရှိသည်။ ထိုထဲမှ နိုင်ငံရေးအကျဉ်းသား စုစုပေါင်း ၄၄ ဦး အကျဉ်းကျခံနေရပြီး တက်ကြွလှုပ်ရှားသူ ၇၅ ဦးသည် ထောင်တွင်းမှနေ၍ တရားရင်ဆိုင်နေရ ကာ ၁၂၁ ဦးသည် ထောင်ပြင်ပမှနေ၍ တရားရင်ဆိုင်နေရသည်။



ပြင်ဦးလွင်မြို့နယ်၊ သပြေရကျေးရွာမှ တောင်သူများ တရားရုံးထုတ် အခြေအနေ
ဓာတ်ပုံ ကိုနိုင်နိုင်ထွန်း၏ လူမှုကွန်ရက်စာမျက်နှာ (Facebook)
၈ ဖေဖော်ဝါရီလ ၂၀၁၈ ခုနှစ်


**Assistance Association for Political Prisoners (Burma)**
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

**P.O Box 93, Mae Sot, Tak Province 63110, Thailand**
**E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org**



[အေအေပီပီ၏ အင်တာနက်စာမျက်နှာကို ဖတ်ရှုရန်အတွက် ဤနေရာကို နှိပ်ပါ]

[အေအေပီပီ၏လူမှုကွန်ရက်စာမျက်နှာကို ဖတ်ရှုရန်အတွက် ဤနေရာကို နှိပ်ပါ]

[အေအေပီပီ၏ တွစ်တာစာမျက်နှာကို ဖတ်ရှုရန်အတွက် ဤနေရာကို နှိပ်ပါ]

# မာတိကာ


နိုင်ငံရေးအကျဉ်းသားများ.......3

- တရားစွဲဆိုခံရခြင်းများ.......3
- တရားရင်ဆိုင်ရခြင်းများ.......5
- ထောင်ဒဏ်ချမှတ်ခံရခြင်းများ.......8
- ထောင်မှလွတ်မြောက်မှုများ.......9

နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ.......10

ဥပဒေပြုရေးနှင့် မူဝါဒရေးဆိုင်ရာ တိုးတက်မှုများ.......18

အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ.......20

အရေးပါသည့် ဆက်စပ်သတင်းများဖတ်ရန် Links.......22

# နိုင်ငံရေးအကျဉ်းသားများ

## ▪ တရားစွဲဆိုခံရခြင်းများ

**မြောက်ဦးပဋိပက္ခတွင် ပါဝင်ခဲ့သူ ၁၃ ဦးကို တရားစွဲဆို**

ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် အစိုးရမှ မြောက်ဦးပဋိပက္ခတွင် ရဲတပ်ဖွဲ့၏ သေနတ်ဖြင့် ပစ်ခတ် ဖြိုခွင်းမှုကြောင့် ဒဏ်ရာရရှိခဲ့သူ ၁၃ ဦးကို ပြည်သူပိုင်ပစ္စည်း ကာကွယ် စောင့်ရှောက်ရေးဥပဒေ ပုဒ်မ ၆(၁)ဖြင့် ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ် တရားရုံးတွင် တရားစွဲဆိုခဲ့သည်။ တရားစွဲဆိုခံရသူ ၁၃ ဦးအနက် ငါးဦးသည် အခင်းဖြစ်ပွားပြီးနောက် မြောက်ဦးဆေးရုံတွင် ဆေးကုသမ ။ ခံယူခဲ့ပြီး ထွက်ပြေးသွားခဲ့ခြင်းကြောင့် တရားခံပြေးအဖြစ် သတ်မှတ်ခြင်းခံထားရသည်။ ကျန်ရှစ်ဦးသည် စစ်တွေ ပြည်သူ့ဆေးရုံ၏ အချုပ်သားများ ထားရှိသော လူနာဆောင်တွင် ဆေးကုသမှုခံယူနေစဉ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် စစ်တွေ အကျဉ်းထောင်သို့ ပို့ဆောင်ခြင်း ခံခဲ့ရ သည်။

ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့၊ မြောက်ဦးနန်းတော်ရာကုန်းပေါ်တွင် ကျင်းပရန် စီစဉ်ထားသော ရခိုင်ဘုရင်နိုင်ငံတော် ကျဆုံးခြင်း ၂၃၃ နှစ်ပြည့် ဝမ်းနည်း အောက်မေ့ဖွယ် အခမ်းနားကို အာဏာပိုင်များမှ တားမြစ်ခဲ့ခြင်း အတွက် ဒေသခံများမှ လမ်းလျှောက်ဆန္ဒပြရာ မှ ပဋိပက္ခ ဖြစ်ပွားခဲ့ပြီး ရဲတပ်ဖွဲ့၏ ဖြိုခွင်းမှုကြောင့် လူ ခုနစ်ဦး သေဆုံးခဲ့ကာ ၁၂ ဦး ဒဏ်ရာရရှိခဲ့သည်။ ထိုပဋိပက္ခနှင့် ဆက်နွယ်၍ ၎င်းတို့ ၁၃ ဦးသည် တရားစွဲဆိုခံခဲ့ရခြင်းဖြစ်သည်။

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်၊ The Voice/မြန်မာ
၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်၊ လွတ်လပ်သောအာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်၊ လွတ်လပ်သောအာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်၊ 7 Day Daily/မြန်မာ

**ဦးအေးမောင်နှင့် ကိုဝေဟင်အောင်တို့ကို နိုင်ငံတော် ပုန်ကန်မှုဖြင့် စွဲချက်တင်**

စစ်တွေအကျဉ်းထောင်တွင် ထိန်းသိမ်းခံထားရသော စာရေးဆရာ ဝေဟင်အောင်နှင့် အမ်းမြို့နယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နှင့် ရခိုင်အမျိုးသားပါတီ ခေါင်းဆောင်ဟောင်း ဦးအေးမောင်တို့ကို ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် စစ်တွေ ခရိုင်တရားရုံး၌ ရုံးထုတ် စစ်ဆေးခဲ့ သည်။ တရားရုံးမှ ၎င်းတို့အား ရခိုင်ဘုရင့် နိုင်ငံတော် ကျဆုံးခြင်း အထိမ်းအမှတ် အခမ်းအနားတွင် ဟောပြောချက်များနှင့် ပတ်သက်၍ နိုင်ငံတော် ပုန်ကန်မှု၊ ရာဇသတ်ကြီးပုဒ် မ ၁၂၁ ဖြင့် တရားစွဲဆိုခဲ့သည်။ နိုင်ငံတော် ပုန်ကန်မှုသည် သေဒဏ် သို့မဟုတ် ထောင်ဒဏ် တစ်သက် တစ်ကျွန်းအထိ ချမှတ်နိုင်သည်။ ထို့ပြင် ၎င်းတို့သည် နိုင်ငံတော် အကြည်ညိုပျက်စေမှု၊ ရာဇသတ်ကြီး ပုဒ်မ ၅၀၅(ခ)(ဂ)၊ မတရားအသင်းအက်ဥပဒေ ပုဒ်မ ၁၇(၁) တို့ဖြင့် တရားစွဲဆိုခံထားရပြီးဖြစ်သည်။ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ၎င်းတို့အား ထပ်မံ၍ ရုံးထုတ် စစ်ဆေးမည်ဖြစ်သည်။

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်၊ The Voice/မြန်မာ
၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်၊ ဧရာဝတီ
၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်၊ မဇ္ဈိမ

**စစ်တွေမြို့တွင် ဗုံးပေါက်ကွဲမှုနှင့် ဆက်နွယ်ပြီး အရပ်သား ရှစ်ဦး ဖမ်းဆီးခံရ၊ ထိုရှစ်ဦးထဲမှ လေးဦးကို အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေဖြင့် အမှုဖွင့်**

ဖေဖော်ဝါရီလ ၂၄ ရက်နေ့က စစ်တွေမြို့၊ ပြည်တော်သာ ရပ်ကွက်ရှိ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတင်မောင်ဆွေ နေအိမ်အနောက်ဘက်ခြံစည်း ရိုးနေရာ၊ ပြည်နယ်တရားလွှတ်တော်ချုပ်ရုံး အနီးနှင့် ပြည်နယ် မြေစာရင်း ရုံးအနီးတို့တွင် မိုင်းသုံးလုံး ပေါက်ကွဲခဲ့သည်။ ယင်းသို့ ပေါက်ကွဲ မှုဖြစ်ပွားပြီးနောက် ရဲတပ်ဖွဲ့မှ နိုင်ငံရေးအကျဉ်းသားဟောင်း တစ်ဦးဖြစ်သူ၊ ရခိုင်ပြည်အမျိုးသား ကောင်စီ (ANC) ၏ ဗဟို အလုပ်အမှုဆောင် အဖွဲ့ဝင် ကိုနိုင်စိုးအပါအဝင် အရပ်သား ရှစ်ဦးတို့သည် သံသဖြင့် ဖမ်းဆီးခြင်းခံခဲ့ရသည်။ ဖမ်းဆီးခံရ သူများထဲမှ ကိုနိုင်စိုးအပါအဝင် လေးဦးကို ထောင်ဒဏ် အများဆုံး ၁၀ နှစ်အထိ ချမှတ်နိုင်သော အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၅၀ (က)၊ (ဈ) တို့ဖြင့် အမှုဖွင့် တရားစွဲဆိုခဲ့ပြီး ဖေဖော်ဝါရီလ ၂၆ ရက်နေ့က ရဲမှ စစ်တွေမြို့နယ်တရားရုံးတွင်

မတ်လ ၁၂ ရက်နေ့အထိ ချုပ်ရမန် နစ်ပတ်ယူခဲ့သည်။

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်၊ The Voice/မြန်မာ
၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်၊ The Voice/မြန်မာ
၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်၊ BNI/မြန်မာ
၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်၊ BNI/မြန်မာ
၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်၊ ဧရာဝတီ
၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်၊ မဇ္ဈိမ
၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်၊ ဒီဗွီဘီ

## ▪ တရားရင်ဆိုင်ရခြင်းများ

**ရိုက်တာ သတင်းထောက်နှစ်ဦး၏ အာမခံ လျှောက်ထားမှုကို ပယ်ချ**

ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် အင်းစိန် မြောက်ပိုင်းခရိုင် တရားရုံးမှ ရိုက်တာ သတင်းဌာနမှ သတင်းထောက်နှစ်ဦးဖြစ်သော ကိုသက်ဦးမောင် (ခေါ်) ကိုဝလုံးနှင့် ကိုကျော်စိုးဦး တို့၏ အာမခံ လျှောက်ထားမှုကို ပယ်ချခဲ့သည်။ တရားရုံးမှ အစိုးရ လျှို့ဝှက်ချက် အက်ဉပဒေသည် အာမခံပေး၍ မရသော ဉပဒေဖြစ်သည်ဟူသော အကြောင်းပြချက်ဖြင့် ၎င်းတို့၏ အာမခံ လျှောက်ထားချက်ကို ပယ်ချခဲ့ခြင်း ဖြစ်သည်။ ထိုနေ့ရုံးချိန်းတွင် သက်သေ ရဲမှူး မင်းသန့်ကို စစ်ဆေးခဲ့သည်။ ရဲမှူးမင်းသန့်မှ ၎င်းကိုယ်တိုင် ဦးဆောင်၍ ဖမ်းဆီးခဲ့သည်ဟု ဆိုသော်လည်း ဖမ်းဆီးသည့် အချိန်တွင် ရဲမှူးမင်းသန့် ပါဝင်ခြင်းမရှိပါဟု ကိုသက်ဦးမောင် (ခေါ်) ကိုဝလုံးမှ ပြောကြားခဲ့သည်။ ဖေဖော်ဝါရီလ ၆ ရက်နေ့ရုံးချိန်းတွင် ၎င်းတို့နှစ်ဦးအား ဖမ်းဆီးရာတွင် ပါဝင်ခဲ့သော ဒုရဲအုပ် တင်ထွေးဦးကို စစ်ဆေးခဲ့သည်။ ဒုရဲအုပ် တင်ထွေးဦးမှ ဖမ်းဆီးချိန်တွင် ရေးမှတ်ထားသော ရဲမှတ်တမ်းများကို ၎င်းကိုယ်တိုင် မီးရှို့ခဲ့ကြောင်း ထွက်ဆိုခဲ့သည်။ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ၎င်းတို့နှစ်ဦးသည် PEN America မှ ချီးမြှင့်သော ၂၀၁၈ ခုနှစ် PEN/ Barbey Freedom to Write ဆုကို ရရှိခဲ့သည်။ ဖေဖော်ဝါရီလ ၁၄ ရက်နေ့ တရားခွင် ကြားနာစစ်ဆေးမှုတွင်း ၎င်းတို့နှစ်ဦးအား ဖမ်းဆီးရာတွင် ပါဝင်ခဲ့သော ဒုရဲအုပ် မျိုးကိုကိုမှ ၎င်းသည် မြန်မာနိုင်ငံ ရဲလက်စွဲပါ လုပ်ထုံးလုပ်နည်းများနှင့် အကျွမ်းတဝင်မရှိကြောင်း ဝန်ခံခဲ့သည်ဟု ၎င်းတို့နှစ်ဦး ၏ ရှေ့နေ ဦးခင်မောင်ဇော်မှ ပြန်လည် ပြောကြားခဲ့သည်။ ဖေဖော်ဝါရီလ ၂၁ ရက်နေ့ရုံးချိန်းတွင် ၎င်းတို့ နှစ်ဦးအား မည်သည့်နေရာတွင် ဖမ်းဆီးခဲ့ခြင်းနှင့် ပတ်သက်၍ ထွက်ဆိုခဲ့သည့် တရားလိုပြ သက်သေများ၏ ထွက်ဆိုချက်များသည် ကွဲလွဲမှုများရှိခဲ့ သည်။ မတ်လ ၇ ရက်နေ့တွင် ၎င်းတို့ ထပ်မံ၍ ရုံးချိန်း တက်ရောက်ရမည်ဖြစ်သည်။

[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်၊ Reuters]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်၊ RSF]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်၊ ဗွီအိုအေ]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်၊ ဒီဗွီဘီ]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်၊ ဘီဘီစီ/မြန်မာ]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်၊ ဗွီအိုအေ/မြန်မာ]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်၊ အီလဲဗင်း/မြန်မာ]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်၊ 7 Day Daily/မြန်မာ]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်၊ ဧရာဝတီ]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်၊ မြန်မာတိုင်း]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်၊ Reuters]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်၊ ဒီဗွီဘီ/မြန်မာ]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်၊ ဗွီအိုအေ/မြန်မာ]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်၊ 7 Day Daily/မြန်မာ]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်၊ ဗွီအိုအေ]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်၊ Reuters]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်၊ ဒီဗွီဘီ]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်၊ Frontier]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်၊ ဘီဘီစီ/မြန်မာ]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်၊ ဗွီအိုအေ/မြန်မာ]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်၊ မဇ္ဈိမ/မြန်မာ]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်၊ အီလဲဗင်း/မြန်မာ]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်၊ The Voice/မြန်မာ]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်၊ 7 Day Daily/မြန်မာ]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်၊ ဧရာဝတီ/မြန်မာ]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်၊ မြန်မာတိုင်း]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်၊ ဧရာဝတီ]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်၊ Reuters]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်၊ ဒီဗွီဘီ]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်၊ မဇ္ဈိမ]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်၊ Reuters]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်၊ ဘီဘီစီ/မြန်မာ]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်၊ မဇ္ဈိမ/မြန်မာ]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်၊ ဒီဗွီဘီ/မြန်မာ]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်၊ ဗွီအိုအေ/မြန်မာ]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်၊ မဇ္ဈိမ/မြန်မာ]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်၊ ဒီဗွီဘီ/မြန်မာ]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်၊ 7 Day Daily/မြန်မာ]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်၊ ဧရာဝတီ]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်၊ မြန်မာတိုင်း]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်၊ ဒီဗွီဘီ]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်၊ ဒီဗွီဘီ]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်၊ Reuters]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်၊ ဗွီအိုအေ/မြန်မာ]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်၊ ဧရာဝတီ]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်၊ မြန်မာတိုင်း]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်၊ Reuters/မြန်မာ]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်၊ ဒီဗွီဘီ/မြန်မာ]

**ကလေး စစ်သားဟောင်း ကိုအောင်ကိုထွေးကို ဝန်းရံသူနှစ်ဦးအား ရုံးထုတ်**

ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ဒဂုံဆိပ်ကမ်းမြို့နယ် တရားရုံး၌ ကလေးစစ်သားဟောင်း ကိုအောင်ကိုထွေးကို ဝန်းရံသူ နှစ်ဦးဖြစ်သော ဒေါ်လေးလေး (ခေါ်) ဒေါ်စန်းစန်းဝင်းနှင့် ကိုနောင်နောင်တို့အား ပထမအကြိမ် ရုံးထုတ်ခဲ့သည်။ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ဒဂုံဆိပ်ကမ်းမြို့နယ် တရားသူကြီး မှ ကလေးစစ်သားဟောင်း ကိုအောင်ကိုထွေးကို စွဲချက်တင် ကြောင်း အမိန့်ချမှတ်ခဲ့ပြီးနောက် တရားရုံး အပြင်ဘက်တွင် ကိုအောင်ကိုထွေးအား ဝန်းရံသူများမှ တရားလို ဒုဗိုလ်မှူးကြီး မျိုးမြင့်အောင်နှင့် တရားသူကြီးတို့ကို ဆန္ဒပြခဲ့ကြပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေစာအုပ်ကို ခြေဖြင့်နင်း၍ ကြွေးကြော်ခဲ့ကြသည်ဟု စွပ်စွဲခံခဲ့ရသည်။ ထို့ကြောင့် ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ဒဂုံဆိပ်ကမ်းမြို့နယ်ရဲစခန်းမှ ဒေါ်လေးလေး (ခေါ်) ဒေါ်စန်းစန်းဦးနှင့် ကိုနောင်နောင်တို ့အား ရာဇသတ်ကြီးပုဒ်မ ၅၀၅(ခ)၊ ၁၅၃ တို့ ဖြင့် ဖမ်းဆီးခဲ့ပြီး အင်းစိန် အကျဉ်းထောင်သို့ ပို့ဆောင်ခဲ့သည်။ ဆန္ဒပြရာတွင် ပါဝင်ခဲ့သော ကိုအောင်ကိုထွေး၏ အစ်မဖြစ်သူ မနေဇာထွန်းနှင့်ကိုဇော်ကြီး၊ မခင်ချိုနိုင်၊ မသန်းသန်းထွေးတို့ကိုလည်း ဖမ်း ဝရမ်းထုတ်ခြင်း ခံထားရသည်။

[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်၊ လွတ်လပ်သောအာရှအသံ/မြန်မာ]

**ဝတ္ထုရားနောင့်ယှက်မှုဖြင့် တရားစွဲဆိုခဲ့ထားရသော ရှေ့နေတစ်ဦး နှင့် ဆန္ဒပြသူတစ်ဦး နှစ်နှစ်နှင့်ငါးလကြာသည် အထိ ဆက်လက် တရားရင် ဆိုင်နေရ**

၂၀၁၅ ခုနှစ်၊ မတ်လတွင် အမျိုးသား ပညာရေးဥပဒေကို ဆန့်ကျင်ဆန္ဒပြနေစဉ်အတွင်း လက်ပံတန်းမြို့နယ်၌ ဖမ်းဆီး၊ ထိန်းသိမ်း ခြင်းခံခဲ့ရသော ကျောင်းသားများနှင့် ဝန်းရံသူများ၏ အမှုကို လိုက်ပါ ဆောင် ရွက်ပေးနေသော ရှေ့နေများ ကွန်ရက် မှ ရှေ့နေတစ်ဦးဖြစ်သူ ဒေါ်ခင်ခင်ကျော်နှင့် ဆန္ဒပြ ကျောင်းသား များအား ဦးဆောင်သူ တစ်ဦးဖြစ်သော ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ် အလုပ်အမှုဆောင် အဖွဲ့ဝင်၊ နိုင်ငံရေးအကျဉ်းသားဟောင်း၊ ကိုသန်းထိုက်တို့သည် နှစ်နှစ်နှင့် ငါးလကြာသည်အထိ ဆက်လက် တရားရင်ဆိုင်နေကြရဆဲဖြစ် သည်။ ထို့ကြောင့် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ရန်ကုန်မြို့၌ သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ပြီး ဒေါ်ခင်ခင်ကျော်မှ အ မှုအား အမြန်ဆုံး ရုပ်သိမ်းပေးရေး အတွက် နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ လွှတ်တော်ဥက္ကဋ္ဌများ၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ် အပါ အဝင် သက်ဆိုင်ရာအဖွဲ့များထံကို ဖေဖော် ဝါရီလ ၁ ရက်နေ့က မေတ္တာရပ်ခံ တင်ပြထားသည်ဟု ပြောကြားခဲ့သည်။ အစိုးရသစ် တက်လာပြီးသည့်နောက်ပိုင်း ၂၀၁၆ ခုနှစ်၊ ဧပြီလတွင် နိုင်ငံတော်အစိုးရမှ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ၄၉၄ ဖြင့် သာယာဝတီထောင်တွင် ထိန်း သိမ်းခံထားရသော ဆန္ဒပြ ကျောင်းသားများ၊ ဝန်းရံသူများကို စွဲဆိုထားသည့် အမှုများ အားလုံးကို ရုပ်သိမ်းပေးခဲ့သော်လည်း ဒေါ်ခင်ခင်ကျော်နှင့် ကိုသန်းထိုက်တို့သည် တရားရုံးအား မထီမဲ့မြင်ပြုမှု၊ ရာဇသတ် ကြီး ပုဒ်မ ၂၂၈ ဖြင့် ဆက်လက် တရား ရင်ဆိုင်နေရ လျှက်ရှိသည်။ ပုဒ်မ ၂၂၈ ဖြင့် အမြင့်ဆုံးပြစ်ဒဏ် ထောင်ဒဏ် ခြောက်လ သို့မဟုတ် ဒဏ်ငွေ တစ်သိန်း သို့မဟုတ် နှစ်မျိုးလုံး ချမှတ်နိုင်သည်။ ထို့ပြင် အပြစ်ရှိကြောင်းတွေ့ရှိလျှင် ဒေါ်ခင်ခင်ကျော်၏ ရှေ့နေလိုင်စင်သည်လည်း ရုပ်သိမ်းခံရ မည်ဖြစ်သည်။ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလကတည်းက ၎င်းတို့ တရားရင်ဆိုင်နေရခြင်းဖြစ်ပြီး ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလအထိ ရုံးချိန်းပေါင်း ၅၂ ခု တက်ရောက်ခဲ့ပြီးဖြစ်သည်။

[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်၊ မြန်မာတိုင်း]

**မြန်မာနောင်း သတင်းဌာနမှ အယ်ဒီတာချုပ် ကိုဆွေဝင်းမှ ဝန်ချတောင်းပန်လျှင် အမှုအား ရုပ်သိမ်းပေးမည်**

မြန်မာနောင်း သတင်းဌာနမှ အယ်ဒီတာချုပ် ကိုဆွေဝင်းအား ဆက်သွယ်ရေးဥပဒေ၊ ပုဒ်မ ၆၆(ဃ)ဖြင့် အမှုဖွင့်ခဲ့သော တရားလို ဦးကျော်မျိုးရွှေမှ ကိုဆွေဝင်းမှ ဆရာတော် ဦးဝီရသူ အား ဝန်ချတောင်းပန်လျှင် အမှုအား ရုပ်သိမ်းပေးမည်ဟု ဖေဖော်ဝါရီလ ၁၃ ရက်နေ့ ရုံးချိန်းအပြီးတွင် ပြောကြားခဲ့သည်။ သို့သော်လည်း ကိုဆွေဝင်းမှ ဝန် ချတောင်းပန်မည် မဟုတ်ကြောင်း တုံ့ပြန်ပြောကြားခဲ့သည်။ ကိုဆွေဝင်းသည် အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအသင်း (မဘသ)၏ ဦးဆောင်သူတစ်ဦးဖြစ်သူ ဆရာတော် ဦးဝီရသူအား လူမှု ကွန်ရက်စာမျက်နှာတွင် အသရေဖျက်ခဲ့သည်ဟု စွပ်စွဲခံခဲ့ရကာ ပုဒ်မ ၆၆(ဃ)ဖြင့် တရားရင်ဆိုင်နေရသည်။ ဖေဖော်ဝ ါရီလ ၂၆ ရက်နေ့ တရားခွင် ကြားနာစစ်ဆေးမှုတွင် ကိုဆွေဝင်း၏ ရှေ့နေ မှ အမှုတွင် တရားလိုမှ မှားယွင်းသော သက်သေများ တင်သွင်းခဲ့ သည်ဟု ပြောကြားခဲ့ပြီး တရားသူကြီး အား အရေးယူဆောင်ရွက် ပါရန် တောင်းဆိုခဲ့သည်။

[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်၊ ဧရာဝတီ]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်၊ လွတ်လပ်သော အာရှအသံ]
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်၊ မဇ္ဈိမ]

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်၊ ဧရာဝတီ

**မဲဆွယ်အပြုံး သရော်စာအမှုတွင် တရားလိုကို စတင် စစ်ဆေး**

ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ် တရားရုံး၌ မဲဆွယ်အပြုံး သရော်စာ ဆောင်းပါးနှင့် ပတ်သက်၍ တရားလိုဖြစ်သူ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးအေးလူကို စတင် စစ်ဆေးခဲ့သည်။ နို ဝင်ဘာ ၂၀ ရက်နေ့ထုတ် တနင်္သာရီ အပတ်စဉ်ဂျာနယ်တွင် ဖော်ပြခဲ့သော 'မဲဆွယ်အပြုံး' သရော်စာ ဆောင်းပါး၌ အုပ်ချုပ်ရေးမှူးများ ပြန်လည် ရွေးတော့မည့် ကိစ္စနှင့်ပတ်သက်၍ လက်ရှိ အုပ်ချုပ်ရေးမှူး 'ရှင်ဂွမ်းဂွိ' ၏ တာဝန်ထမ်းဆောင်စဉ် ဆောင်ရွက်မှုများနှင့် အုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲအတွက် ပြင်ဆင်နေပုံများကို ရေးသားဖော်ပြ ခဲ့ခြင်းကြောင့် တိုင်းဒေသကြီးအစိုးရကိုယ်စား ဦးအေးလူမှ တရားလိုပြုလုပ်၍ တနင်္သာရီ အပတ်စဉ် ဂျာနယ်၏ တာ ဝန်ခံ အယ်ဒီတာ ဦးမျိုးအောင်ကို သတင်းမီဒီယာ ဥပဒေဖြင့် အရေးယူ ပေးရန် ထား ဝယ်မြို့နယ်တရားရုံး၌ နို ဝင်ဘာ ၂၃ ရက်နေ့တွင် ဦးတိုက် လျှောက်ထားခဲ့ခြင်းဖြစ်သည်။ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်မှ ၎င်းသရော်စာပါ အချက် အလက်များသည် သူမနှင့် သူမ၏ မိသားစုကို ထိခိုက် စော်ကားသည့် စာသားများ ပါဝင်သည်ဟုပြောကြားခဲ့သည်။ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် တရားရုံးမှ စုံစမ်း စစ်ဆေးချက် များကို သုံးသပ်၍ သတင်း မီဒီယာဥပဒေ၊ ပုဒ်မ ၂၅(ခ) ဖြင့် အမှုအား လက်ခံ စစ်ဆေးရန် ဆုံးဖြတ် အမိန့်ချမှတ် ခဲ့သည်။ ထိုပုဒ်မဖြင့် အပြစ်ရှိကြောင်း တွေ့ရှိပါက ဒဏ်ငွေ ဆယ်သိန်းအထိ ပေးဆောင်ရမည်ဖြစ်သည်။

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်၊ The Voice/မြန်မာ
၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်၊ ဒီဗွီဘီ/မြန်မာ

- ## ထောင်ဒဏ်ချမှတ်ခံရခြင်းများ

**တရားရုံးအား မထီမဲ့မြင်ပြုခဲ့ခြင်းအတွက် ကလေးစစ်သားဟောင်း ကိုအောင်ကိုထွေးကို ထောင်ဒဏ် ခြောက်လ ချမှတ်**

ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ဒဂုံဆိပ်ကမ်းမြို့နယ် တရားသူကြီးမှ ကလေးစစ်သားဟောင်း ကိုအောင်ကိုထွေးကို တရားရုံးအား မထီမဲ့မြင်ပြုမှု ပုဒ်မ ၂၂၈ ဖြင့် တရားစွဲဆိုခဲ့ပြီး ထောင်ဒဏ် ခြောက်လ ပြစ်ဒဏ် ချမှတ်ခဲ့သည်။ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ် တရားရုံးတွင် ကိုအောင်ကိုထွေးကို ရုံးထုတ် စစ်ဆေးခဲ့ ရာ ကိုအောင်ကိုထွေးမှ အစစ်ဆေးမခံဘဲ တရားရုံးကို သပိတ်မှောက်ခဲ့ပြီး တရားသူကြီးမှ ဖြောင့်မတ် မှန်ကန်သော တရားစီရင်မှု မရှိခြင်းကြောင့် အစစ်ဆေးမခံခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကိုအောင်ကိုထွေးသည် ကလေး စစ်သားဟောင်း အဖြစ် အဓမ္မစုဆောင်း ခံခဲ့ရစဉ်က အတွေ့အကြုံများနှင့် အကျဉ်းထောင်တွင်း ၁၈ နှစ် ပြစ်ဒဏ် ချမှတ်ခံခဲ့ရစဉ်က အတွေ့အကြုံများကို လွတ်လပ်သော အာရှ အသံ (RFA) နှင့် အင်တာဗျူး ပြုလုပ်ခဲ့ခြင်းအတွက် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင် ဖမ်းဆီးခြင်းခံခဲ့ရပြီး နိုင်ငံတော် အကြည်ညိုပျက်စေမှု၊ ရာဇသတ်ကြီး ပုဒ်မ ၅၀၅(ခ) ဖြင့် တရားစွဲဆိုခြင်း ခံခဲ့ရသည်။ ပုဒ်မ ၅၀၅(ခ) ဖြင့် ပြစ်ဒဏ် ချမှတ်ခံခဲ့ရပါက ထောင်ဒဏ် သုံးနှစ်၊ ဒဏ်ငွေ သို့မဟုတ် နှစ်မျိုး လုံး ချမှတ်ခံရမည် ဖြစ်သည်။ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ကိုအောင်ကိုထွေးကို ရုံးထုတ်ခဲ့သည်။ ကိုအောင်ကိုထွေးသည် တရားရုံးကို သပိတ်မှောက်ထားခြင်းကြောင့် သူ၏ ရှေ့နေပါဝါနှင့် သက်သေအားလုံး ရုပ်သိမ်းခြင်း ခံခဲ့ရသည်။

[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]

[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်၊ 7 Day Daily/မြန်မာ]

[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်၊ မြန်မာတိုင်း]

[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]

[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်၊ ဒီဗွီဘီ/မြန်မာ]

**RCSS/SSA နှင့် ဆက်သွယ်ခြင်းအတွက် ဟိုပုံးဒေသခံ ရှစ်ဦးကို ထောင်ဒဏ် တစ်နှစ်မှ ဆယ်နှစ်အထိ ချမှတ်**

ခုနှစ်လကြာ တရားရင်ဆိုင်ခဲ့ပြီးနောက် ရှမ်းပြည်နယ်၊ ဟိုပုံးမြို့နယ်တရားရုံးမှ ဟိုပုံးဒေသခံ ရွာသား ရှစ်ဦးအား ရှမ်းပြည်ပြန်လည် ထူထောင်ရေး ကောင်စီ /ရှမ်းပြည် တပ်မတော် (RCSS/SSA) နှင့် ဆက်သွယ်ခြင်းအတွက် ထောင်ဒဏ် တစ်နှစ်မှ ဆယ်နှစ်အထိ ပြစ်ဒဏ် ချမှတ်ခဲ့သည်။ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လအတွင်းတွင် တပ်မတော်မှ ထို ရွာသား ရှစ်ဦးကို RCSS/SSA နှင့် ဆက်သွယ်သည်ဟုဆိုကာ ဖမ်းဆီး၊ ထိန်းသိမ်းခဲ့ပြီး တပ်မတော်မှ တရားလိုပြုလုပ်ကာ ၎င်းတို့အား တရားမဝင် တူမီးသေနတ်များ ကိုင်ဆောင်မှု၊ လိုင်စင်မဲ့ကားများ တွေ့ရှိမှု၊ စစ်ဆင်ရေးနယ်မြေအတွင်း သွားလာမှု၊ တရားမဝင် စကားပြောစက်များ အသုံးပြုမှုတို့အပါအဝင် အမှု ၁၂ မှု ဖြင့် တရားစွဲဆိုခဲ့သည်။

[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်၊ BNI]

[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်၊ ဧရာဝတီ]

[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်၊ BNI/မြန်မာ]

[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်၊ ဘီဘီစီ/မြန်မာ]

## ▪ ထောင်မှလွှတ်ပြောက်မှုများ

**မြောက်ဦးမြို့နယ်တရားရုံးမှ ကိုအမ်းသားကြီး ခေါ် ကိုသန်းရွှေကို တရားသေလွှတ်ပေး**

ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် မြောက်ဦးမြို့နယ်တရားရုံးမှ မတရားအသင်း အက်ဥပဒေ ပုဒ်မ ၁၇(၁)(၂) ဖြင့် တရားစွဲဆိုခြင်းခံထားရပြီး စစ်တွေထောင်တွင် ထိန်းသိမ်းခြင်းခံထားရသော သင်္ဂဟကမ်းလက် ရက္ခိုတအဖွဲ့ ခေါင်းဆောင် ကိုအမ်းသားကြီး ခေါ် ကိုသန်းရွှေကို စွဲချက် တင်ခြင်းမပြုခဲ့ဘဲ တရားသေ ပြန်လွှတ်ပေးခဲ့သည်။ ဧပြီလ ၁၀ ရက်နေ့တွင် ကျရောက်သော ရက္ခိုင့်တပ်မတော် (AA) တည်ထောင်သည့် ရှစ်နှစ် ပြည့်အထိမ်းအမှတ် စာပေဟောပြောပွဲကို ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင် ဆက်လက် ကျင်းပ ပြုလုပ်ခဲ့ခြင်းအတွက် ကိုအမ်းသားကြီး ခေါ် ကိုသန်းရွှေသည် ၂၀၁၇ ခုနှစ်၊ မေလအတွင်း ဖမ်းဝရမ်းထုတ်ခြင်း ခံခဲ့ရပြီး ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ဖမ်းဆီးခြင်းခံခဲ့ရသည်။ အာဏာပိုင်များ တားမြစ်နေသည့်ကြားမှ ၎င်းမှ ထိုဟောပြောပွဲကို ကျင်းပခဲ့ခြင်းဖြစ်သည်။ ‌ေမြာက်ဦးအခြေစိုက် ခမရ ၅၄၀ မှ ဗိုလ်မှူး ဝင်းကျော်မှ တရားလိုပြုလုပ်ကာ သူ့အား တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

မြောက်ဦးမြို့နယ်၊ မြတန်ဆောင်း ဆရာတော် ဦးနန္ဒသာရနှင့် ကိုခိုင်နီမင်းတို့သည် ရက္ခိုင့်တပ်မတော် (AA) တည်ထောင်သည့် ရှစ်နှစ် ပြည့်အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲကို၂၀၁၇ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့တွင် ဦးဆောင်ကျင်းပခဲ့ခြင်းအတွက် မတရားအသင်း အက်ဥပဒေ ပုဒ်မ ၁၇(၁)(၂) တို့ဖြင့် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် ဖမ်းဆီးခြင်းခံခဲ့ရပြီးနောက် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လတွင် ထောင် ဒဏ် နှစ်နှစ်စီ ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရသည်။ ထိုအမှု နှင့်ဆက်နွှယ်ကာ ကိုအမ်းသားကြီး ခေါ် ကိုသန်းရွှေသည် အမှုဖွင့်ခံခဲ့ရခြင်းဖြစ်သည်။

[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်၊ ဒီဗွီဘီ](#)

[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်၊ ဒီဗွီဘီ/မြန်မာ](#)

[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ](#)

[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်၊ ဧရာဝတီ/မြန်မာ](#)

[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်၊ 7 Day Daily/မြန်မာ](#)

**ALP ပါတီ၏ ပြန်ကြားရေးဌာန ဒုတာဝန်ခံ ကိုခိုင်မျိုးထွန်း လွတ်မြောက်**

တစ်နှစ်ခွဲကြာ အကျဉ်းကျခြင်းခံခဲ့ရပြီးနောက် ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ရခိုင်လွတ်မြောက်ရေးပါတီ (ALP)၏ ဒုတိယ ပြန်ကြားရေး တာဝန်ခံ ကိုခိုင်မျိုးထွန်းသည် ပြန်လည် လွတ်မြောက်လာခဲ့သည်။ အောက်တိုဘာလ ၁၂ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ စစ်တွေမြို့ နယ်တရားရုံးမှ ကိုခိုင်မျိုးထွ န်းကို နိုင်ငံတော် အကြည်အညိုပျက်စေမှု၊ သွေးထိုး လှုံ့ဆော်မှု၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅(ခ)နှင့် (ဂ)တို့ဖြင့် ပုဒ်မ တစ်ခုလျှင် ထောင်ဒဏ် တစ်နှစ်ခွဲ ချမှတ်ခဲ့ပြီး ပြစ်ဒဏ်များအား တပေါင်းတည်းကျခံစေရန်နှင့် ချုပ်ရက်များကိုပါ ထုတ် နုတ်ခံစားခွင့်ပြုရန် အမိန့်ချမှတ်ခဲ့သည်။ တပ်မတော်နှင့် ရက္ခိုင့် တပ်မတော် (AA) တို့ကြား တိုက်ပွဲများဖြစ်ပွားနေချိန်တွင်း တပ်မတော်မှ ဒေသခံများအား အဓမ္မ လုပ်အားပေး ခိုင်းစေခဲ့ပြီး နှိပ်စက် ညှဉ်းပန်းခဲ့ကြောင်းကို ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့ တွင် ALP ကိုယ်စား ကိုခိုင်မျိုးထွန်းမှ ကြေညာချက် ထုတ်ပြ ပန်ခဲ့သော ကြောင့် ၂၀၁၆ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် တပ်မတော်မှ ဒုတိယ ဗိုလ်ချုပ်ကြီး တင်နိုင်ထွန်းမှ သူ့အား နိုင်ငံတော် အကြည်အညို ပျက်စေမှု၊ သွေးထိုး လှုံ့ဆော်မှု၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅(ခ)နှင့် (ဂ)တို့ဖြင့် အမှုဖွင့်ခဲ့ သည်။ ထို့ကြောင့် ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက် နေ့တွင် ကိုခိုင်မျိုးထွန်းသည် ဖမ်းဆီးခြင်းခံခဲ့ရသည်။

[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ](#)

[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်၊ ဧရာဝတီ/မြန်မာ](#)

[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်၊ Fortify Rights](#)

[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်၊ DVB](#)

# နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ

**ဆန္ဒပြကျောင်းသားများကို ကျောင်းပြန်တက်ခွင့်ပြု**

ပညာရေးအသုံးစရိတ် မြင့်တင်ပေးရန် တောင်းဆိုဆန္ဒပြခဲ့သည့်အတွက် ဇန်နဝါရီလအတွင်း ပညာသင်ကြားခွင့် ရပ်စဲခြင်းခံခဲ့ရသော ကျောင်းသား ၅၆ ယောက် ကျောင်းပြန်တက်ခွင့်ရရှိရေးအတွက် ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် မကွေးတိုင်းအစိုးရအဖွဲ့ရုံးခန်း၌ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ (ဗ.က.သ) အဖွဲ့ချုပ်မှ ကျောင်းသားများနှင့် ပညာရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တွေ့ဆုံ ဆွေးနွေးခဲ့ကြပြီးနောက် ထိုကျောင်းသား ၅၆ ယောက်သည် ကျောင်းပြန်တက်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ ကျောင်းသားများသည် ခံဝန်ထိုးစရာမလိုဘဲ ကျောင်းပြန်တက်ခွင့်ရရှိခဲ့သည်ဟု ပညာရေး ဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ အောင်အောင်မင်းမှ ပြောကြားခဲ့သည်။ ကျောင်းထုတ်ခံထားရသော ကျောင်းသားများ ကျောင်းပြန်တက်ခွင့်ပေးရန် မကွေးတိုင်း ဝန်ကြီးချုပ်မှ ကြားဝင် ညှိနှိုင်းပေးခဲ့ခြင်းဖြစ်သည်။

[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်၊ The Voice/မြန်မာ](#)
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်၊ လွတ်လပ်သောအာရှအသံ/မြန်မာ](#)
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်၊ ဘီဘီစီ/မြန်မာ](#)

**လယ်ယာမြေလုပ်ပိုင်ခွင့်လုံခြုံမှုအတွက် ဆောင်သူလယ်သမားများ ဆွေးနွေး**

ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ရှမ်းပြည်နယ်တောင်ကြီးမြို့၌ လယ်ယာမြေလုပ်ပိုင်ခွင့်လုံခြုံမှုအတွက် တောင်သူလယ်သမား ဆွေးနွေးပွဲကို ကျင်းပခဲ့သည်။ ထိုဆွေးနွေးပွဲသို့ တောင်ကြီးခရိုင်၊ လွယ်လင်ခရိုင်၊ လင်းခေးခရိုင် တို့မှ တောင်သူလယ်သမားပေါင်း ကိုးဆယ် ကျော်တက်ရောက်ခဲ့ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်လုံခြုံမှုများကို ဆွေးနွေးခဲ့ကြသည်။ ရှမ်းပြည်နယ်ရှိ လယ်သမားများ မြေလုပ်ပိုင်ခွင့် လုံခြုံမှု အားနည်းနေခြင်းကြောင့် လယ်ယာမြေလုပ်ပိုင်ခွင့် လုံခြုံမှုအတွက် တောင်သူ လယ်သမားများ ဆွေးနွေးပွဲ ကျင်းပရခြင်း ဖြစ်သည်ဟု အဆိုပါပွဲအား စီစဉ်သူ လောကအလင်းအဖွဲ့၏ စီမံကိန်းမန်နေဂျာ ဦးထွန်းမျိုးမောင်မှ ပြောကြားခဲ့သည်။

[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်၊ BNI/မြန်မာ](#)

**ဦးကိုနီလုပ်ကြံခံရမှုတွင် တရားခံများအား စွဲချက်တင်၊ လွတ်မြောက်နေသူ တစ်ဦးအား တရားခံပြေးအဖြစ် အမိန့်ချမှတ်**

ဦးကိုနီလုပ်ကြံခံရမှုအတွက် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ရန်ကုန် မြောက်ပိုင်းခရိုင် တရားရုံးမှ တရားခံ ကြည်လင်း၊ ဦးအောင်ဝင်းဇော်နှင့် ကိုဇေယျာဖြိုးတို့ သုံးဦးကို တင်ကူး ကြံရွယ်ချက်ဖြင့် လူသတ်မှု ရာဇသတ်ကြီးပုဒ်မ ၁၀၂(ဘ) (ခ)/ ၃၄ ဖြင့် စွဲချက်တင် အမိန့်ချမှတ်ခဲ့သည်။ ထို့ပြင် ဦးအောင်ဝင်းထွန်းကို အားပေးကူညီမှု၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၂၁၂ ဖြင့် စွဲချက် တင်အမိန့်ချမှတ်ခဲ့ပြီး အမှုမှ လွတ် မြောက်နေသည့် ဦး အောင်ဝင်းခိုင်ကို ရာဇဝတ် မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၈၈ အရ တရားခံ ပြေးအဖြစ် အမိန့်ချမှတ်ခဲ့သည်။ ဖေဖော်ဝါရီလ ၂၂ ရက်နေ့ရုံးချိန်းတွင် ဦးအောင်ဝင်းထွန်းသည် ကျပ်သိန်း ငါးရာ အာမခံဖြင့် ပြန်လည် လွတ်မြောက် လာခဲ့သည်။ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်၏ ဥပဒေ အကြံပေးဖြစ်သူ ဦးကိုနီသည် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့တွင် ရန်ကုန် အပြည်ပြည် ဆိုင်ရာ လေဆိပ်၌ လုပ်ကြံသတ်ဖြတ်ခြင်း ခံခဲ့ရသည်။

[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်၊ ဒီဗွီဘီ/မြန်မာ](#)
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်၊ မဇ္ဈိမ/မြန်မာ](#)
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်၊ ဘီဘီစီ/မြန်မာ](#)
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်၊ လွတ်လပ်သောအာရှအသံ/မြန်မာ](#)
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်၊ မဇ္ဈိမ/မြန်မာ](#)
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်၊ မဇ္ဈိမ/မြန်မာ](#)
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်၊ ဧရာဝတီ](#)
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်၊ မဇ္ဈိမ](#)
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်၊ ဒီဗွီဘီ](#)
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်၊ မြန်မာတိုင်း/မြန်မာ](#)
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်၊ မြန်မာတိုင်း](#)
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်၊ ဧရာဝတီ](#)
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်၊ ဒီဗွီဘီ](#)
[၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်၊ မဇ္ဈိမ/မြန်မာ](#)

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်၊ The Voice/မြန်မာ
၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်၊ ရေဝတီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်၊ မြန်မာတိုင်း/မြန်မာ
၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်၊ 7 Day Daily/မြန်မာ

**မုံရွာတွင် တောင်သူ ၁၈ ဦးကို မြေယာလျော်ကြေးငွေများပေးအပ်**

ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ဖြင့် ဖေဖော်ဝါရီ လ ၂ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရမှ တောင်သူ ၁၈ ဦးကို ပထမအကြိမ် မြေယာလျော်ကြေးငွေ ပေးအပ်ခဲ့သည်။ အထောက်အထားခိုင်လုံသော တောင်သူ ၁၈ ဦး၏ မြေယာအကွက် ၃၃ ကွက်ကို တစ်ကွက်လျှင် ၅၅ သိန်းကျပ်နှုန်းဖြင့် ကျပ် ၁၈၁၅ သိန်းကို ပေးအပ်ခဲ့သည်။ ထမံသီရေအားလျှပ်စစ်စီမံကိန်း ကြားစခန်းအတွက် လွန်ခဲ့သော အနှစ် နှစ်ဆယ် ဝန်းကျင်က ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန၊ စူးစမ်းလေ့လာရေးဌာနခွဲမှ မုံရွာမြို့နယ်၊ အလုံတောင်ကွင်းမှ မြေဧက ၁၁.၀၇ ဧကကို သိမ်းဆည်းခဲ့ခြင်းဖြစ်သည်။

စစ်ကိုင်းတိုင်းအတွင်း မြေယာပြဿနာ ၁၀၀၀ ခန့်ရှိသည့်အနက် ၇၀ ခန့်သာ ဖြေရှင်းရန် ကျန်တော့သည်။ ထိုကျန်နေသေးသော မြေယာပြဿနာများကို ယခုနှစ် ဩဂုတ်လတွင် ဖြေရှင်းရန် ဗဟိုမြေစစ် အဖွဲ့မှ လမ်းညွှန်ထားသည်ဟု တိုင်းမြေစစ်အဖွဲ့ထံမှ သိရှိရသည်။

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်၊ ဒီဗွီဘီ/မြန်မာ

**ဖွဲ့စည်းပုံ အခြေခံဥပဒေ ဖျက်သိမ်းပေးရေး ပြည်မြို့တွင် ဆန္ဒပြ**

ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ပြည်မြို့တွင် ဒေသခံ ၅၀ ခန့်သည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ဖျက်သိမ်းပေးရေးအတွက် လမ်းလျှောက်ဆန္ဒပြခဲ့သည်။ ၎င်းတို့သည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ စာအုပ်ပေါ်တွင် အနီရောင် ကြက်ခြေခတ်ရိုက်နှိပ်ထားသော တီရှပ်များကို ဝတ်ဆင်၍ ခေါင်း၌ အနီရောင်စည်းပြီး ဗီနိုင်းများ ကိုင်ဆောင်ကာ လမ်းလျှောက်ဆန္ဒပြခဲ့ကြသည်။ ဆန္ဒပြသူ ဦးနိုင်လွင်ချိုမှ ပြည်သူကို အသိမပေးဘဲ၊ ပြည်သူ့ဆီမှလာသည်မဟုတ်ဘဲ ရေးဆွဲထားသည်ကို ဖျက်သိမ်းရန်အတွက် ပြည်သူလူထုအားလုံး ပါဝင်ဆောင်ရွက်ရန် လိုသည်ဟု ပြောကြားခဲ့သည်။

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်၊ The Voice/မြန်မာ
၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်၊ 7 Day Daily/မြန်မာ

**ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုမြို့နယ်တွင် စီမံကိန်း နှစ်ခုကြောင့် တောင်သူ ၃၀၀ ခန့် မြေယာဆုံးရှုံး**

ဖေဖော်ဝါရီ လ ၄ ရက်နေ့တွင် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၌ "နိုင်ငံတော်ဖွံ့ဖြိုးရေးစီမံကိန်းတို့နောက်ကွယ်မှ အမေ့လျော့ခံဘဝများ" စာအုပ်မိတ်ဆက်ပွဲနှင့်အတူ စီမံကိန်းကြောင့် ဒေသခံတောင်သူများ မြေယာများဆုံးရှုံးနစ်နာခဲ့ကြောင်း သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲခရိုင် နောင်ချိုမြို့နယ်တွင် အထက်ရဲရွာ -ရွှေစာရံ ဓာတ်အားလိုင်း တည်ဆောက်ခြင်းနှင့် နောင်ချို မြို့ရှောင်လမ်း၊ ဂုတ်တွင်းချဉ်းကပ်လမ်းများ တည်ဆောက်ခြင်း စီမံကိန်း နှစ်ခုကြောင့် လယ်ယာမြေဧက ၃၉၀ ကျော် သိမ်း ဆည်းခြင်းခံထားရပြီး တောင်သူ ၃၀၀ ခန့် မြေယာဆုံးရှုံးခဲ့၍ စားဝတ်နေရေး ခက်ခဲလျက်ရှိသည်။ စီမံကိန်းကြောင့် လယ်ယာမြေဆုံးရှုံးခဲ့ ကြသော တောင်သူအများစုသည် ၂၀၁၂ လယ်ယာမြေ ဥပဒေအရ လယ်ယာမြေ လုပ်ကိုင်ခွင့် ပုံစံ (၇) ရရှိထားသူများဖြစ်ပြီး တချို့မှာ ယနေ့အချိန်ထိ မြေယာ၊သီးနှံခွန်များ ပေးဆောင်နေ သည့်မြေများဖြစ်သည်။

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

**မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို လမ်းပေါ်မှ တံတားနှစ်စင်း ဖျက်ဆီးခံရမှုနှင့် လီဆူ ၂၁ ဦး ဖမ်းဆီးခံရမှုအတွက် ကြေညာချက်ထုတ်ပြန်**

ကချင်ပြည်နယ်၊ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို လမ်းပေါ်မှ တံတားနှစ်စင်းကို ကချင် လွတ်မြောက်ရေး တပ်မတော် (ကေအိုင်အေ) မှ ဖျက်ဆီးခဲ့ခြင်း၊ လီဆူတိုင်းရင်းသား ၂၈ ဦးကို အဓမ္မဖမ်းဆီးသွားခဲ့ခြင်းအတွက် ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် လီဆူ အမျိုးသား ဖွံ့ ဖြိုးရေးပါတီမှ ကြေညာချက် တစ်စောင် ထုတ်ပြန်ခဲ့သည်။ ထိုကြေညာချက်ထဲတွင် ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံထားရသူများကို အမြန်ဆုံး ပြန်လွှတ်ပေးရန်နှင့် ငြိမ်းချမ်းရေးရရှိရန်အတွက် သက်ဆိုင်သည့် အဖွဲ့အစည်းများ အမြန်ဆုံး တွေ့ဆုံညှိနှိုင်းအဖြေရှာရန် တိုက်တွန်း ထားသည်။ ဇန်နဝါရီလ ၂၈ ရက်နေ့တွင် အေအိုင်အေမှ လီဆူ တိုင်းရင်းသား ၂၈ ဦးကို ဖမ်းဆီးခဲ့သည်။ ထို ၂၈ ဦးမှာ ပူတာအိုမှ ငါးဦး၊ မြစ်ကြီးနားမှ ၂၁ ဦး နှင့် ဝိုင်းမော်မှ နှစ်ဦးတို့ဖြစ်ကြသည်။ လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ ဥက္ကဋ္ဌဖြစ်သူ ဦးဆီဖာလာလူးမှ ဆွမ်ပရာဘွမ်နှင့် ပူတာအို သွားသည့် လမ်းမ

ပေါ် တွင်ရှိသော တံတားနှစ်စင်းကို အေအိုင်အေမှ မိုင်းထောင်ဖျက်ဆီးခဲ့သည့်အတွက် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ကာ ဒေသခံများ စားဝတ်နေရေး ကျပ်တည်းလျှက်ရှိသည်ဟု ပြောကြားခဲ့သည်။ ထို့ပြင် ကုန်ဈေးနှုန်းများ မြင့်တက် သွားသောကြောင့် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ပုတာအိုဒေသခံများသည် ပုတာအိုမြို့တွင် ဆန္ဒပြ ခဲ့ကြသည်။

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်၊ လွတ်လပ်သောအာရှအသံ/မြန်မာ

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်၊ ဗီအိုအေ/မြန်မာ

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်၊ လွတ်လပ်သောအာရှအသံ/မြန်မာ

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်၊ BNI/မြန်မာ

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်၊ ဧရာဝတီ

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်၊ အီလဲဗင်း/မြန်မာ

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်၊ အီလဲဗင်း/မြန်မာ

## တရားမဝင် ရွှေလုပ်ငန်း လုပ်ကိုင်နေသူများကြောင့် လယ်ယာမြေများ ပျက်စီး

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ လောင်မင်း ကျေးရွာအနီးတွင် တရားမဝင် ရွှေတူးဖော်ခြင်းလုပ်ငန်း လုပ်ကိုင်နေသူများကြောင့် လယ်သမားများ၏ နွေစပါးစိုက်ဧက ၁၀၀ ခန့်သည် ပျက်စီးဆုံးရှုံးသွားခဲ့သည်။ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလတွင် လယ်သမားများမှ မြို့နယ်၊ ခရိုင်အုပ်ချုပ်ရေးမှူးများ၊၊ လွှတ်တော်ကိုယ်စားလှယ်များကို တိုင်ကြားခဲ့သော်လည်း ထူးခြားမှုမရှိခဲ့ပါ။ လယ်သမားများမှ အစိုးရထံမှ စိုက်ပျိုးရေးချေးငွေ ၁၅၀၀၀၀ ကျပ်အထိ ယူခဲ့ရသော်လည်း လယ်ယာမြေများ ပျက်စီးသွားခဲ့ခြင်းကြောင့်အလုပ်မရှိသည့်အတွက် ပြန်လည် ပေးရန်ခက်ခဲလျှက်ရှိသည်။ ရွှေလုပ်ငန်း စတင်ခဲ့ကတည်းက ဟုမ္မလင်းမြို့နယ်အတွင်းရှိ လယ်သမား ၁၂၀ အနက် ၁၀၈ ဦး၏ လယ်ယာမြေများသည် ပျက်စီးသွားခဲ့သည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းလူမျိုးရေးရာဝန်ကြီး ဒေါ်နန်းဝေ မွှေးမွှေးခင်မှ စစ်ကိုင်းတိုင်းဒေသကြီး၊ စိုက်ပျိုး၊ ေ မွးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးအား လယ်သမားများကို မည်သို့ ထောက်ပံ့မှုပေးမည်ကို မေးမြန်းမည်ဖြစ်သည်။

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်၊ အီလဲဗင်း

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်၊ ဒီဗွီဘီ/မြန်မာ

## သီလဝါ အထူးစီးပွားရေးဇုန်တွင် တောင်သူ၅၀ ခန့် ဆန္ဒပြ

သီလဝါ အထူးစီးပွားရေးဇုန် တည်ဆောက်ရာတွင် သိမ်းဆည်းခဲ့သော လယ်ယာမြေများအတွက် လျော်ကြေး ပေးအပ်ရာ၌ အဂတိ လိုက်စားမှု ရှိသည့်အတွက် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် တောင်သူ ၅၀ ခန့်သည် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့် ခွဲရေးကော်မတီရုံးရှေ့တွင် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ တောင်သူများမှ တရားဝင်ခွင့်ပြုချက်ဖြင့် ဆန္ဒထုတ်ဖော်ခြင်းဖြစ်ပြီး အထူးစီးပွားရေး ဇုန်အတွင်းတွင်လည်း လမ်းလျှောက် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ ဆန္ဒထုတ်ဖော်မှုကို ဦးဆောင်သူတစ်ဦးဖြစ်သော တောင်သူ ဦးလှသိန်းမှ ၂၀၁၃ - ၂၀၁၄ ခုနှစ်တွင် သီးနှံစိုက်ပျိုးခဲ့သော တောင်သူများသည် လျော်ကြေးငွေ ရရှိခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် သီးနှံစိုက်ပျိုးခဲ့သော တောင်သူ ၁၁ ဦးသည် လျော်ကြေးငွေမရရှိသေးပါဟု ပြောကြားခဲ့သည်။ ကျန်ရှိသော တောင်သူ ၁၁ ဦး ေ လျော်ကြေးငွေ မရရှိခြင်းသည် အဂတိ လိုက်စားမှု ရှိနေသည့်အတွက်ကြောင့် ဖြစ်သည်ဟု ၎င်းမှ ပြောကြားခဲ့သည်။ ထို့ကြောင့် လာရောက်တောင်းဆိုရခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

သီလဝါအထူးစီးပွားရေးဇုန်၊ စီမံ ခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး ၁ ဒေါက်တာ ဒေါ်သန်းသန်းသွယ်မှ လျော်ကြေးေ ပးရန်ကျန်ရှိနေ သည်ဆိုသော တောင်သူများ၏ လယ်ယာမြေများကို ပြန်လည်စိစစ်သွားမည်ဖြစ်ပြီး မှန်ကန်လျှင် တိုင်းအစိုးရအဖွဲ့ကို တင်ပြ၍ ဆက်လက် ဆောင်ရွက်ပေးသွားမည်ဟု ပြောကြားခဲ့သည်။ ကော်မတီအနေဖြင့် အဂတိလိုက်စားမှု လုံးဝမရှိပါဆိုသည်ကို အတိအလင်း ပြောနိုင်သည်ဟု ပြောကြားခဲ့သည်။

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်၊ ဒီဗွီဘီ/မြန်မာ

## အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ တိုင်ကြားစာပေါင်း ၉၄၉ စောင် လက်ခံ ရရှိ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလတွင် အသစ်ပြန်လည်ဖွဲ့စည်းခဲ့သည့် အဂတိလိုက်စားမှု ေ ကာ်မရှင်သစ်ထံသို့ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့မှ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့အထိ တိုင်ကြားစာပေါင်း ၉၄၉ စောင် လက်ခံရရှိခဲ့သည်ဟု အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင်၊ ပြန်ကြားရေးလုပ်ငန်းကော်မတီ အဖွဲ့ခေါင်းဆောင် ဦးဟန်ညွန့်မှ ပြောကြားခဲ့သည်။ သို့သော် လည်း အဂတိလိုက်စားကြောင်း တိုင်ကြားမှုမှာ ငါးမှုသာရှိခဲ့သည်။ တိုင်ကြားစာများအနက် ၅၆၆ စောင်ကို စိစစ်နေဆဲဖြစ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ပြည်နယ်၊ တိုင်းအစိုးရအဖွဲ့များကို လွှဲပေးခဲ့သော တိုင်ကြားစာ ၁၄၇ စောင်ရှိခဲ့သည်။ တို င်ကြားစာများကို တိုင်ကြားခြင်းဆိုင်ရာ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိ သေချာ စိစစ်ဆုံးဖြတ်ပြီးမှသာ သက်ဆိုင်ရာ မြို့နယ်၊ တိုင်း၊ ခရိုင်အလိုက် သွားရောက် စစ် ဆေးရခြင်းဖြစ်သည်။

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်၊ ဒီဗွီဘီ/မြန်မာ

**ဒီမိုကရေစီ အစိုးရလက်ထက်တွင် သတင်းအချက်အလက်များ ရရှိရန် ခက်ခဲဆဲဖြစ်ကြောင်း အမျိုးသမီး သတင်းထောက်များ ပြောကြား**

ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ကျင်းပသော Women in News Southeast Asia Summit ထိပ်သီးအစည်းအဝေးတွင် အစည်းအဝေး တက်ရောက်သူများမှ အမျိုးသမီး သတင်းထောက်များ အဖြစ် ၎င်းတို့ ရင်ဆိုင်ရသော ရုန်းကန်မှုများကို မျှဝေခဲ့ကြသည်။ ၎င်းတို့မှ အရပ်သား အစိုးရဦးဆောင်သော ဒီမိုကရေစီ အစိုးရ လက်ထက်တွင် သတင်းများရယူရာတွင် ဟန့်တားထားမှုများရှိဆဲဖြစ်ကြောင်း ပြောကြားခဲ့သည်။

သတင်းအရင်းအမြစ်များရရှိရေးကို နှောင့်ယှက်ခြင်း သို့မဟုတ် သတင်းထောက်များကို နှောင့်ယှက်ခြင်းများအပြင် မြန်မာနိုင်ငံ၏ မီဒီယာနယ်ပယ်ကို ကန့်သတ်ထားခြင်းကြောင့် အမျိုးသမီး သတင်းထောက်များသည် ပြဿနာများကိုလည်း ရင်ဆိုင်နေကြရသည်။ ဥပမာအားဖြင့် သတင်း မီဒီယာများသည် သတင်း အချက်အလက်များ အပြည့်အဝ ရရှိခွင့် မရှိသေးခြင်း သို့မဟုတ် သတင်းရေးသားရန် စုံစမ်း စစ်ဆေးခွင့် အပြည့်အဝ မရရှိသေးခြင်းတို့ဖြစ်ကြသည်။ ထိုစည်းဝေးပွဲ၌ သတင်းထောက်များသည် ၎င်းတို့ရင်ဆိုင်နေရသော စိန်ခေါ်မှုများကို စုပေါင်း တွန်းလှန်ရန် တိကျသော နည်းလမ်းများကို ဆွေးနွေးခဲ့ကြသည်။ တခြား ခေါင်းစဉ်များအဖြစ် သတင်းလွတ်လပ်ခွင့်၊ လူမှုမီဒီယာ လွှမ်းမိုးမှုနှင့် ဦးဆောင်မှုကဏ္ဍများတွင် အမျိုးသမီးများအတွက် အခက်အခဲဖြစ်သော ယဉ်ကျေးမှုဆိုင်ရာ ဟန့်တားမှုများကို ဆွေးနွေးခဲ့ကြသည်။
၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်၊ အီလဲဗင်း
၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်၊ ဧရာဝတီ

**ရေတံခွန်တောင် ဂေါက်ကွင်းအတွက် သိမ်းဆည်းထားသည့် ယာမြေများအနက် ပိုလျှံနေသည့် ယာမြေ များ ပြန်လည် ရရှိရေး ဒေသခံ တောင်သူများ သတင်းစာ ရှင်းလင်း**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်အတွင်းရှိ ရေတံခွန် ဂေါက်ကွင်းအတွက် သိမ်းဆည်းခဲ့သည့် ယာမြေများအနက် အသုံးပြုခြင်း မရှိဘဲ ပိုလျှံနေသည့် ယာမြေများကို ဒေသခံ တောင်သူများမှ ပြန်လည်ရရှိရေး၊ ဂေါက်ကွင်းအသုံးပြုရာတွင် ပါဝင်သွားခဲ့သည့် သိမ်းဆည်း ယာမြေများကို မြေယာ လျော်ကြေးနှင့် သီးနှံလျော်ကြေးများ ရရှိရေး အတွက် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ဒေသခံတောင်သူ များမှ သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့သည်။

၁၉၉၇ ခုနှစ်တွင် ပုသိမ်ကြီးမြို့နယ်၊ ရေကြည်ကျေးရွာမှ ဒေသခံတောင်သူ ၈၂ ဦး စိုက်ပျိုး လုပ်ကိုင်သည့် ယာမြေဧက ၅၄၇.၈၀ ဧကကို ရေတံခွန်တောင် ရေဂေါက်ကွင်း တည် ဆောက်ရန်အတွက် မန္တလေးမြို့တော် စည်ပင်သာရေး ကော်မတီမှ သိမ်းဆည်းခဲ့သည်။ သိမ်းဆည်းခဲ့ပြီးနောက် ဧက ၃၀၀ ကို ဂေါက်ကွင်းအတွက် အကောင်အထည်ဖော်ခဲ့သည်။ ကျန်ရှိနေသည့် ၂၅၀ ဧက ခန့်ကို စီမံကိန်း အကောင် အထည်ဖော် ဆောင်ရွက်ခြင်းမရှိသဖြင့် ဒေသခံတောင်သူများ က သီးနှံများ ပြန်လည်စိုက်ပျိုး ကြသည်။ လက်ရှိအချိန်တွင် အဆိုပါ လစ်လပ်လျက်ရှိသည့် ယာမြေဧက ၂၅၀ ခန့်ကို မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီမှ စီမံကိန်း တစ်ရပ် အကောင်အထည်ဖော် ဆောင်ရွ က်ရန် ပြင်ဆင်နေ သဖြင့် မန္တလေးတိုင်း ဝန်ကြီးချုပ်ထံသို့ ယာမြေသိမ်းဆည်း ခံထားရသည့် တောင်သူများမှ ကန့်ကွက်စာ တင်ပြထားသည်။
၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက်၊ အီလဲဗင်း/မြန်မာ

**ဝတိုင်းရင်းသားများကို ခရီးသွားလာခွင့် ကန့်သတ်**

ဖေဖော်ဝါရီလအစောပိုင်းတွင် အာဏာပိုင်များမှ ရှမ်းပြည်နယ် မြောက်ပိုင်း၊ ပန်ဆန်းမြို့နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် နေထိုင်ကြသော "ဝ"တိုင်းရင်းသားများကို ခရီးသွားလာခွင့် ကန့်သတ်လိုက်သည်။ အာဏာပိုင်များမှ ဒေသခံများ၏ မှတ်ပုံတင်ကတ်များကို စစ်ဆေးခဲ့ပြီး ဝတိုင်းရင်းသား မှတ်ပုံတင် ကိုင်ဆောင်ထားသူများအား ကျိုင်းတုံမြို့နှင့် တာချီလိတ်မြို့ ကဲ့သို့သော ရှမ်းပြည်နယ် အရှေ့ပိုင်း၏ အဓိက ကျသော မြို့များကို ခရီးသွားလာခွင့် တားမြစ်ခဲ့သည်။ ယခင်က ဝတိုင်းရင်းသားများသည် ထိုမြို့များသို့ ဆေးကုသမှုခံယူရန်နှင့် ကုန်သွယ်မှု ပြုလုပ်ရန် ခရီးသွားရောက်ခဲ့ကြသည်။ ဝပြည် သွေးစည်း ညီညွတ်ရေး တပ်မတော်၏ ပြောရေးဆိုခွင့်ရှိသူ (UWSA)၊ လားရှိုးဆက်ဆံရေးရုံး ဒုတာဝန်ခံ ဦးညီရန်းမှ အစိုးရမှ မည်သည့် အတွက်ကြောင့် ခရီးသွားလာခွင့် ကန့်သတ်ထား သည်ကို အကြောင်းပြချက် ပေးခြင်းမရှိဘဲ ဝတိုင်းရင်းသားများ ကို နိုင်ငံခြားများအဖြစ်သာ မြင်နေခြင်းအတွက် စိုးရိမ်မှုများ

ရှိသည်ဟု ပြောကြားခဲ့သည်။ ထိုဒေသများတွင် ဝတိုင်းရင်းသားများ ကိုးသောင်းကျော် နေထိုင်လျှက်ရှိပြီး ယခင်က ရှမ်းပြည်နယ်အတွင်း ၎င်းတို့သည် လွတ်လပ်စွာ သွားလာခွင့် ရရှိခဲ့ကြသည်။

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁၀ ရက်၊ ဘီဘီစီ/မြန်မာ

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်၊ ဗီအိုအေ/မြန်မာ

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်၊ ဧရာဝတီ

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်၊ အီလဲဗင်း/မြန်မာ

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်၊ မဇ္ဈိမ/မြန်မာ

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်၊ 7 Day Daily/မြန်မာ

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်၊ BNI/မြန်မာ

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်၊ BNI

**သိမ်းဆည်းမြေဧက ၆၀၀၀ ကျော် ပြန်လည် ရရှိရေးအတွက် စာတင်ထားသော်လည်း ထူးခြားမှုမရှိ၍ တောင်သူများ စိုးရိမ်**

ပဲခူးတိုင်းဒေသကြီး၊ သာယာ ဝတီခရိုင်၊ မင်းလှမြို့နယ်အတွင်းရှိ သိမ်းဆည်းခြင်းခံထားရသော ကိုင်းမြေဧက ၆၀၀၀ ကျော် ပြန်လည် ရရှိရေးအတွက် စာတင်ထားသော်လည်း ထူးခြားမှု မရှိသေးသည့်အတွက် တောင်သူများ စိုးရိမ်လျှက်ရှိသည်။ မင်းလှမြို့နယ်၊ ထန်းပင်ကုန်းကျေးရွာအုပ်စု၊ ထန်းပင်ကုန်းကျေးရွာ၊ ချောင်းနက်ကျေးရွာ၊ ပဒေသာကုန်းကျေးရွာ၊ မိုးသစ္စာကျေးရွာနှင့် ဆင်တဲကုန်းရေကျော် ကျေးရွာများမှ တောင်သူများ စိုက်ပျိုး လုပ်ကိုင်နေသော ကိုင်းမြေဧက ၆၀၀၀ ကျော်ကို ၁၉၉၉ ခုနှစ်တွင် "ဦးသိန်းရွှေ" ပို့ကုန်လုပ်ငန်း ကုမ္ပဏီမှ သိမ်းယူသွားခဲ့သည်။ ဦးဆောင်တောင်းဆိုသူ ကိုအောင်သွင်ထွန်းမှ "လယ်ယာမြေသိမ်းဆည်းခြင်းအတွက် ၂၀၁၇ ခုနှစ်တွင် တောင်သူ ၆၈၄ ဦး လက်မှတ် ရေးထိုး၍ စာတင် တောင်းဆိုခဲ့သောကြောင့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေး ဗဟိုကော်မတီမှ ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် ပြန်လည် စိစစ်ပေးရန် ဌာနဆိုင်ရာများထံသို့ စာပြန်ချထားပေးခဲ့သော်လည်း လုပ်ဆောင်ပေးခြင်းမရှိပါဟု ပြောကြားခဲ့သည်။

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်၊ ဒီဗွီဘီ/မြန်မာ

**ရိုက်တာ သတင်းထောက် နှစ်ဦးအမှုတွင် တရားခွင်၌ ထွက်ဆိုခဲ့သည့် အတိုင်း သတင်းဖော်ပြခြင်းမရှိဟုဆိုကာ 7 Day Daily အား သတင်းမီဒီယာကောင်စီသို့ တိုင်ကြား**

7 Day Daily သတင်းစာမှ တာဝန်ရှိသူများကို သတင်းမီဒီယာ ဥပဒေ ပုဒ်မ ၂၁ ဖြင့် အရေးယူပေးရန် ရန်ကုန်တိုင်း ဒေသကြီး ရဲတပ်ဖွဲ့မှူး ဒု ရဲမှူးကြီး မြင့်ထွေးက လက်မှတ်ရေးထိုးပြီး ဖေဖော်ဝါရီလ ၉ ရက်နေ့ ရက်စွဲဖြင့် မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီကို တိုင်ကြားစာ ပေးပို့ခဲ့သည်။ ရိုက်တာ သတင်းထောက် နှစ်ဦး ဖမ်းဆီး အရေးယူခံရမှုနှင့်ပတ်သက်၍ ဇန်နဝါရီလ ၂၃ ရက်နေ့ တရားခွင်တွင် ထွက်ဆိုမှုများ နှင့် ဇန်နဝါရီလ ၂၄ ရက်နေ့ထုတ် 7Day Daily သတင်းစာပါ ဖော်ပြချက်များ ကွဲလွဲမှု ရှိနေသည့် အပြင် သတင်း မီဒီယာ ကျင့်ဝတ်နှင့် ကိုက်ညီမှုမရှိဘဲ ပုဂ္ဂိုလ်တဦး၊ အဖွဲ့အစည်း တစ်ခု၏ ဂုဏ်သိက္ခာကို ထိခိုက်စေသည့် အရေးအသားမျိုး ပါဝင်သည်ဟုဆိုကာ တိုင်ကြားခဲ့ခြင်းဖြစ်သည်။ တိုင်ကြားစာတွင် ဥပဒေပါပြဋ္ဌာန်းချက်အရ နိုင်ငံတော်သမ္မတ၏ အခွင့်အာဏာအပ်နှင်း၍ တရားလိုပြုလုပ်ရ သည်ဟု သဘော မသက်ရောက်ဘဲ ဒုတိယသ မ္မတ (၁) ဦးမြင့်ဆွေ၏ ခွင့်ပြုချက်ဖြင့်သာ တရားစွဲဆိုခဲ့သည်ဟူသော 7Day Daily သတင်းစာ၏ ဖော်ပြမှုသည် ထွက်ဆိုချက်များနှင့် ကွဲလွဲကြောင်း၊ တခြားသော ဖော်ပြမှုများတွင်လည်း လွဲမှားမှုများ ရှိကြောင်း ဖော်ပြထားသည်။ တရားလိုပြုလုပ် တိုင်တန်းသူ မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ယုနိုင်မှ တရားခွင်တွင် ထွက်ဆိုခဲ့သော ထွက်ဆိုချက် စကားရင်းအတိုင်း ဖော်ပြခြင်းမပြုဘဲ သတင်း ရေးသားသူ၏ ထင်မြင်ချက် အာဘော် အတိုင်း ရေးသားထားခြင်း ဖြစ်ကြောင်းလည်း တိုင်ကြားစာတွင် ဖော်ပြထားသည်။

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်၊ ဧရာဝတီ

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်၊ အီလဲဗင်း/မြန်မာ

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်၊ The Voice/မြန်မာ

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်၊ ဘီဘီစီ/မြန်မာ

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်၊ ဧရာဝတီ/မြန်မာ

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်၊ မဇ္ဈိမ/မြန်မာ

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်၊ ဘီဘီစီ/မြန်မာ

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်၊ The Voice/မြန်မာ

**လှည်းကူး မြို့နယ်၊ မင်းကုန်း စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများတွေ့ရှိ**

ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် မြ န်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ လှည်းကူးမြို့နယ် မင်းကုန်း စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းသို့ သွားရောက်စစ်ဆေးခဲ့ပြီး အကျဉ်းသားများအပေါ် ရိုက်နက်ခြင်း၊ ထိုးကြိတ်ခြင်း၊ မတန်တဆ ခိုင်းစေခြင်း၊ ကြမ်းတမ်းစွာ ဆဲဆို ကြိမ်းမောင်းခြင်း ပြုလုပ်ခဲ့သည့် အကျဉ်းဦးစီးဌာန ဒုတိယ

တာဝန်ခံ၊ လက်ထောက်ကြီးကြပ်ရေးမှူးနှင့် ဝန်ထမ်းတစ်ဦးကို လိုအပ်သည့်စိစစ်မှုများပြုလုပ်ပြီး ထိုက်သင့်သလို အရေးယူသင့်ကြောင်း ဖေဖော်ဝါရီလ ၁၉ ရက်နေ့က ပြည်ထဲရေး ဝန်ကြီးဌာနသို့ အကြံပြု တိုက်တွန်းခဲ့သည်။ ထို့ပြင် ကော်မရှင် မှ မင်းကုန်း စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်း တွင် အကျဉ်းသား ၂၀ ကျော်ကို ထောင်အာဏာပိုင်များမှ ကိုယ်ထိလက်ရောက်ရိုက်နက်ခဲ့သည်ဟု ပြောကြားခဲ့သည်။ ထောင်အာဏာပိုင်များမှ အကျဉ်းသားအချင်းချင်း ရန်ဖြစ်သည့်အခါ ရိုက်နက်ခြင်းမျိုး၊ အုပ်စုလိုက် ထွက်ပြေး၍ ပြန်ဖမ်းမိသည့် အခါများတွင် ရိုက်နှိပ်ခြင်း မျိုးရှိသည်ဟု ထိုစခန်းသို့ သွားရောက်စစ်ဆေးခဲ့သော လူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်မှ ပြောကြားခဲ့သည်။ ရိုက်နက်ခြင်းခံခဲ့ရသူများတွင် ခေါင်းကွဲသည့်သူများ၊ သွားကျွတ်သည့်သူများလည်းရှိပြီး ထောင်အာဏာ ပိုင်များမှ ပြင်ပလုပ်ငန်းရှင်များနှင့် ပေါင်း၍ အကျဉ်းသားများကို အုတ်ဖုတ်လုပ်ငန်းများတွင် ခိုင်းစေခြင်းမျိုးလည်း ဖြစ်ပွားလျှက်ရှိသည်။

စခန်းအတွင်းရှိ အိပ်ဆောင်များမှ ညမိလ္လာနှင့် ရေကန်များ သန့်ရှင်းမှုမရှိခြင်းနှင့် အနံ့အသက် မကောင်းခြင်းကြောင့် သန့်ရှင်းရေး ေ ဆာင်ရွက်ပေးခြင်း၊ နေ့မိလ္လာနှင့် အကျဉ်းသား အင်အားမျှတမှု မရှိခြင်းကြောင့် အကျဉ်းသားအရေအတွက်နှင့် အချိုးကျ မိလ္လာများ တိုးချဲ့ဆောက်လုပ်ပေးခြင်း စသည့် လိုအပ်ချက်များ ဆောင်ရွက်ပေးရန် ကော်မရှင်က တိုက်တွန်းထားသေးသည်။ လူ့အခွင့်အရေး ကော်မရှင်မှ အခြားပြင်ပ လုပ်ငန်းများတွင် အကျဉ်းသားများအား ခိုင်းစေခြင်းကို ပြန်လည်စိစစ်၍ ပြုပြင်စေပြီး တရားဝင်လုပ်ငန်း များကိုသာ အကျဉ်းသားများကို လုပ်ကိုင်စေလိုကြောင်းပြောကြားခဲ့ သည်။

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်၊ မြန်မာတိုင်း/မြန်မာ
၂၀၁၈ ခုနှစ်၊ဖေဖော်ဝါရီလ ၂၆ ရက်၊ အီလဲဗင်း/မြန်မာ

**လက်ပံတောင်းတောင် ကြေးနီစီမံကိန်း ဆန္ဒပြတောင်သူများကို အမှုဖွင့်**

ဆားလင်းကြီးမြို့နယ်၊ လက်ပံတောင်းတောင်ကြေးနီစီမံကိန်း လုပ်ဆောင်နေသော ဝမ်ပေါင်ကုမ္ပဏီနှင့် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်တို့ကို ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ခွင့်ပြုချက်မရှိဘဲ ဆန္ဒပြခဲ့ခြင်းအတွက် ဆားလင်းကြီးမြို့နယ် ရဲမှူး ဌေးဝင်းမှ ဦးဆောင်သူ ဒေသခံ၄ဦးဖြစ်ကြသော မိုးကြိုးပြင်ရွာမှ ဦးဝင်းကျော်၊ ဆည်တည်းရွာမှ ဒေါ်ခင်ငြိမ်း၊ ဒေါ်ရီဝင်း၊ တုံ့ရွာမှ ဒေါ်စန္ဒာနှင့် ေ ဒါ်စန်းနွဲ့တို့ကို ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ဥပဒေ ပုဒ်မ ၁၉ ဖြင့် ဆားလင်းကြီးမြို့မ ရဲစခန်းတွင် အမှုဖွင့်ခဲ့သည်။ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ပုသိမ် - မုံရွာလမ်း၌ ဒေသခံတောင်သူ ၅၀ ခန့်က လက်ပံတောင်းတောင် ကယ်တင်ရေး အလံကိုကိုင်ဆောင်ကာ ဦးပိုင်ကုမ္ပဏီ၊ ဝမ်ပေါင်ကုမ္ပဏီဟု စာရွက်ကပ်ထားသော အခေါင်းနှစ်လုံးဖြင့် စီးတန်းလှည့်လည်ကာ ဆန္ဒထုတ်ဖော်ခဲ့သည့်အပြင် ကုမ္ပဏီရှေ့တွင်လည်းကျိန်စာတိုက်ခဲ့သည်။

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်၊ The Voice/မြန်မာ

**လက်နက်ကိုင်အဖွဲ့များမှ တပ်ဖွဲ့ ဝင်များ ဒဏ်ရာရရှိပါက ဆေးကုသမှုမပေးရန် မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ညွှန်ကြား**

လက်နက်ကိုင်အဖွဲ့များမှ တပ်ဖွဲ့ဝင်များ ဒဏ်ရာရရှိပါက မူဆယ်ခရိုင်အတွင်း ဆေးကုသမှု မပေးရန် မူဆယ်ခရိုင် အုပ်ချုပ်ရေးမှူးမှ ညွှန် ကြားခဲ့သည်။ မူဆယ်မြို့နယ်အုပ်ချုပ်ရေးမှူးမှ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ဆေးရုံအုပ်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများထံသို့ ဖေဖော်ဝါရီလ အတွင်း၌ စာဖြင့် ပေးပို့ညွှန်ကြားထားခဲ့သည်။ ထိုစာ၌ ခရိုင်အုပ်ချုပ်ရေးရုံးမှ ကြေးနန်းဖြင့် အကြောင်းကြားလာသည်ဟု ရည်ညွှန်းဖော်ပြထားသည်။ လက်နက်ကိုင်တပ်ဖွဲ့ဝင်များ ဒဏ်ရာရရှိ ၍ ပြည်သူ့ဆေးရုံ၊ ကျေးလက်ကျန်းမာရေး ဌာန၊ ပုဂ္ဂလိက ဆေးရုံ ဆေးပေးခန်းများတွင် လာရောက်ကုသခဲ့ပါက သက်ဆိုင်ရာ ဌာနများ၊၊ တပ်ရင်း၊ တပ်ဖွဲ့များကို အကြောင်းကြားရန် ထိုစာအတွင်းတွင် ညွှန်ကြားထားသည်။ သို့သော်လည်း ဥပဒေသစ်သည် အထွေထွေဆေးရုံအား ဖိအားပေးနေသည့်အပြင် ရဲတပ်ဖွဲ့အားလည်း တွန်း အားပေးလျှက်ရှိသည်။ ယခုလက်ရှိတွင် ကချင်လွတ်မြောက်ရေး တပ်မတော် (KIA)၊ တအာင်း အမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA)နှင့် မြန်မာ အမျိုးသား ဒီမိုကရက်တစ် မဟာမိတ် တပ်မတော်တို့သည် မူဆယ်မြို့နယ်အတွင်းတွင် လှုပ်ရှားလျှက်ရှိသည်။

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်၊ ဒီဗွီဘီ
၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်၊ မြန်မာတိုင်း
၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်၊ BNI/မြန်မာ

**စစ်တပ်မှ ဖမ်းဆီး၊ ထိန်းသိမ်းထားသော ကချင် အရပ်သား နှစ်ဦး တည်ရှိရာကို စုံစမ်းသင့်ကြောင်း အစိုးရအား တိုက်တွန်း**

ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် Fortify Rights အဖွဲ့မှ ကြေညာချက် တစ်စောင် ထုတ်ပြန်ခဲ့ပြီး ဇန်နဝါရီလ ၁၃ ရက်နေ့တွင် တပ်မတော်မှ ကချင်ပြည်၊ မန်စီမြို့နယ်၌ ဖမ်းဆီး၊ ထိန်းသိမ်းခဲ့သော ကချင် အရပ်သား နှစ်ဦးဖြစ်ကြသည့် ဦးဖေါဂမ်ယော်နှင့် ဦးနခွန်နော်ဆန်းတို့၏ တည်ရှိရာနေရာနှင့် ၎င်းတို့ နှစ်ဦး ဘေးအန္တရာယ်ကင်းကြောင်း သိရှိရန် အစိုးရမှ စုံစမ်း စစ်ဆေးသင့်ကြောင်း ထုတ်ပြန်ခဲ့သည်။ ဦးဖေါဂမ်ယော်နှင့် ဦးနခွန်နော်ဆန်းတို့သည် မန်စီမြို့နယ်၊ ခတ်ပရာကျေးရွာအနီးရှိ လယ်ကွင်းပြင်တွင် စိုက်ပျိုးလုပ်ကိုင်နေစဉ် စစ်သားများမှ ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ၎င်းတို့နှစ်ဦးသည် ကချင် ပြည်တွင်း စစ်ကြောင့် အိုးအိမ်များ စွန့်ခွာ၍ မိုင်းကောင် စစ်ဘေး ရှောင်စခန်းတွင် နေထိုင်နေကြရသူများ ဖြစ်သည်။ ၎င်းတို့ ဖမ်းဆီးခံရကတည်းက ၎င်းတို့၏ သတင်းကို ကြားသိရခြင်း မရှိတော့ပါ။ ထို့ပြင် စစ်သားများမှ ဟင်းသီး ဟင်းရွက် လာရောက်ခူးသော အမျိုးသမီး နှစ်ဦးကို တား၍ ဦးဖေါဂမ်ယော်နှင့် ဦးနခွန်နော်ဆန်းတို့နှင့် အတူ တစ်နာရီခန့် ထိန်းသိမ်းထားခဲ့ပြီး ပြန်လွှတ်ပေးခဲ့သည်။

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်၊ Fortify Rights
၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်၊ ဝါရှင်တန်ပို့
၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

**တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အမျိုးသားပန်းခြံ ထိန်းသိမ်း စောင့်ရှောက်မှု စီမံကိန်းသည် ဌာနေတိုင်းရင်းသားများကို အိုးအိမ် မဲ့ စေနိုင်**

Conservation of Tanawthari (CAT) မှ ထုတ်ပြန်သော အစီရင်ခံစာတွင် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အမျိုးသား ပန်းခြံနှစ်ခု ထိန်းသိမ်း စောင့်ရှောက်မှု စီမံကိန်းများသည် ထိုဒေသအတွင်း နေထိုင်ကြသော ဌာနေ တိုင်းရင်းသား ၁၆၀၀၀ ကို အိုးအိမ်မဲ့ဖြစ် ဖြစ်စေနိုင် သည်ဟု ဖော်ပြထားသည်။ ဖေဖော်ဝါရီလ ၂၁ ရက်နေ့က ထုတ်ပြ န်သော အစီရင်ခံစာတွင် အစိုးရမှ သစ်တောများအား ကာကွယ်မှု အဆင့် သတ်မှတ်ခြင်းအပြင် နိုင်ငံတကာ ထိန်းသိမ်းစောင့်ရှောက်မှု အဖွဲ့များ၏ ထိန်သိမ်းစောင့်ရှောက်ရန် ကြိုးပမ်းမှုများသည် ဒေသခံ တိုင်းရင်းသားများ၏ စားဝတ်နေရေးကို ထိခိုက်စေသည်၊ ထိုကဲ့သို့ ထပ်မံဆောင်ရွက်မှုများ မပြုမီ ဒေသခံများနှင့် ဆွေးနွေးတိုင်ပင် ရမည်ဟု ဖော်ပြထားသည်။

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်၊ Reuters
၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်၊ Frontier

**မြေယာပြဿနာ ဖြေရှင်းပေးရန် ထားဝယ်အရပ်ဖက်အဖွဲ့များ တောင်းဆို**

